## ၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတ အရင်းမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင် အနေအထား

ကျွန်တော်တို့ ကွမ်းခြံကုန်းကျေးရွာသည် အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ အင်္ဂပူမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပြီး မြေပြန့်ဒေသတွင် တည်ရှိပါသည်။ အဓိက သက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊အရောင်းအဝယ်လုပ်ငန်းများ ဖြစ်ကြသည်။ဒေသ၏တစ်နှစ်ပျှမ်းမျှ မိုးရေချိန်လက်မမှာ ၈ဝမှ ၁ဝဝဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးကို အသင့်အတင့်အထောက်အကူပြုသည်။ကျွန်တော်တို့ ကွမ်းခြံကုန်းကျေးရွာသည် အနိမ့်ပိုင်းတွင် တည်ရှိပြီး ဆားငံရေဝင်ရောက်မှုကင်းလွတ်သည်။ကျေးရွာအနီးတွင် မြစ်ချောင်းများရှိ မြေပြန့်အနေ အထားဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးဖြစ်ထွန်းသော လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတ ထုတ်လုပ်မှု မရရှိနိုင်ပါ။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေးဆိုင်ရာအချက်အလက်များ

ကွမ်းခြံကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၆၃)စုနှင့် ကျား(၂၇၅)၊မ(၃၂၁)ဦးဖြင့် လူဦးရေစုစုပေါင်း(၅၉၆)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၃.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်လျှင် ပျှမ်းမျှနှုန်း(၅)ဦးနှုန်းထက်လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြ ပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏(၇၇%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ( )မျှ ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး ဆောင်းသီးနှံတစ်မျိုးသာ စိုက်ပျိုးရ သဖြင့် တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၂၁.၃)% သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စု အဆင့်ဖြစ်ပြီး ခံယူကြပြီး (၁၄.၀၈)% သည်ချမ်းသာသည့်အဆင့်၊(၂၁.၈၆)% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနည်းပါးခြင်း၊လက်လုပ်မမှီခြင်းနှင့် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုနည်းပါးခြင်းတို့ကြောင့် ကျေးရွာ၏စီးပွားရေးအနေအထားမှာ နိမ့်ကျသည်ဟု ဆိုင်နိုင်ပါသည်။ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော ကိုင်းသမားများ၊လက်လုပ်လက်စားနှင့်မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။

